# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

September 26, 2019 Volume 23, Number 19


**၂၆.၉.၂၀၁၉**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၅၀၈ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၂၃၆၅၀၀/- ကျပ် |
| ဒေါ်လာဈေး | = ၁၅၃၃/- ကျပ် |
| CBM Rate | = ၁၅၃၂.၀ /ကျပ် |
| ယူရို တစ်ယူရို | = ၁၆၇၅.၉ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၀၉.၆ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၈၈၈.၆ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၄၂၃.၆ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၃၅.၆ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၁၄.၈၀ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၅၈၃ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၇.၅၃ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၅.၁၅ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၀.၀၀၈ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com


## ဖရဲသခွားမွေးပိုမိုတင်ပို့နိုင်ရန် ဂျပန်အကူအညီဖြင့် မဟာဗျူဟာရေးဆွဲမည်



မြန်မာနိုင်ငံ၏ သစ်သီးဝလံပို့ကုန်များတွင် ၅ နှစ်အတွင်း ဆယ်ဆခန့်အထိ တိုးချဲ့တင်ပို့နိုင်ခဲ့သည့်အပြင် ထပ်မံတိုးတက်တင်ပို့နိုင်ရန် အခွင့်အလမ်း များလည်းရှိနေသော ဖရဲသခွားမွေးအတွက် ဂျပန်နိုင်ငံသား ကျွမ်းကျင်ပညာရှင်၏ အကူအညီဖြင့် ပို့ကုန်မဟာဗျူဟာရေးဆွဲသွားမည်ဖြစ်ကြောင်းသိရသည်။ အဆိုပါ မဟာဗျူဟာကို ဂျပန်နိုင်ငံ JETRO–IDEမှ ကျွမ်းကျင်ပညာရှင် Dr. Koji Kuboက ဦးဆောင်ရေးဆွဲမည်ဖြစ်ပြီး USAID၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံသစ်သီးဝလံ၊ ပန်းမန်နှင့်ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်သူများအသင်း တို့က ကူညီပံ့ပိုးသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။

ထိုမဟာဗျူဟာရေးဆွဲနိုင်ရန်အတွက် ပြီးခဲ့သည့်ဩဂုတ်လက မန္တလေးတွင် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခဲ့သကဲ့သို့ စက်တင်ဘာ၂၅ နှင့်၂၆ ရက်တို့တွင်လည်း နေပြည်တော်တွင် ကျင်းပလျက်ရှိသည်။ ဒါဟာ လက်တွေ့ကျမယ့် ပို့ကုန်မဟာဗျူဟာတစ်ခုဖြစ်ပါတယ်။ အောင်မြင်မယ်လို့လည်း ယုံကြည်ပါတယ်ဟု အသင်း၏ ဥက္ကဋ္ဌဖြစ်သူ ဦးစိုးသန်းမင်းဒင်က ပြောကြားသည်။ ဂျပန်ပညာရှင်သည် ယခုမဟာဗျူဟာရေးဆွဲရန်အတွက် ဖရဲသခွားမွေး၏ အဓိကဝယ်လက်နိုင်ငံဖြစ်သော တရုတ်နိုင်ငံ၊ မူဆယ်နယ်စပ်ကုန်သွယ်ရေးစခန်း၊ ဖရဲစိုက်တောင်သူများနှင့် အသင်းတာဝန်ရှိများထံ အကြိမ်ကြိမ် သွားရောက်တွေ့ဆုံပြီး နှစ်နှင့်ချီအားထုတ်ခဲ့ပြီးဖြစ်ကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားသည်။

မြန်မာနိုင်ငံသည် ရာသီဥတုနှင့် ရေမြေအနေအထားအရ သစ်သီးဝလံစိုက်ပျိုးရန် အားသာချက်ရှိနေပြီး ဖရဲသခွားမွေးသည် အိမ်နီးချင်းတရုတ်နိုင်ငံ၏ ဝယ်လိုအား ကြီးမားမှုကြောင့်လည်း အလားအလာကောင်းသော ပို့ကုန်တစ်ခုအဖြစ်ရှိနေကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးဦးအောင်ထူးက ပြောသည်။ သို့သော်လည်း သီးနှံ၏အရည်အသွေးနှင့်စံချိန်စံညွှန်းကို ယခုထက်ပိုမိုကောင်းမွန်လာစေရန် အအေးခန်းများ၊ တန်ဖိုးမြင့်ထုတ်ကုန်များအဖြစ် ဆင့်တက်ထုတ်လုပ်ရန်လည်းလိုအပ်လျက်ရှိသည်ဟုဆိုသည်။ အဲလိုလုပ်မှဟာလျှင် တန်ဖိုးလည်း တိုးတက်ရရှိလာမှာဖြစ်တယ်။ ဈေးကွက်လည်း တိုးမြင့်ရရှိလာမှာဖြစ်ပါတယ်ဟု

ငှင်းကပြောသည်။

နောင် ၅ နှစ်စာအတွက်ရေးဆွဲထားသည့် အမျိုးသားပို့ကုန်မဟာဗျူဟာတွင်လည်း ဖရဲသခွားမွှေးကို နောက်ထပ်ဦးစားပေးပို့ကုန်အမယ်သစ်တစ်ခုအဖြစ် ထည့်သွင်းရေးဆွဲထားကြောင်း မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဒေါက်တာထိန်လင်းကပြောသည်။ ထပ်မံတိုးချဲ့မည့် အမယ်သစ် ၅ မျိုးတွင် စိုက်ပျိုးရေး အခြေခံထုတ်ကုန်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ (ဖရဲသခွားမွှေးပါဝင်)၊ လက်ဝတ်ရတနာများ၊ လက်မှုအနုပညာပစ္စည်းများနှင့် ICT Product များဖြစ်သည်။ ရေးဆွဲမည့်ပို့ကုန်မဟာဗျူဟာတွင် အထက်ပါအားနည်းချက်၊ အားသာချက်များကို ထည့်သွင်းရေးဆွဲသွားရန် ရှိနေပြီး ပိုမိုကောင်းမွန်သည့်အခြေအနေဖြစ်လာရန် မျှော်မှန်းထားသည်။

**Source:** https://myanmar.mmtimes.com/news/128834.html

## မြန်မာနိုင်ငံမှဆန်ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့တင်ပို့ရန်စစ်ဆေးခြင်းနှင့် ပိုးမွှားကင်းစင်ရေး သဘောတူစာချုပ်တွင် ဆန်အပြင် ဆန်ကွဲကိုပါထည့်သွင်း၍ ပြင်ဆင်ချုပ်ဆိုမည့် သဘောတူစာချုပ်(မူကြမ်း)နှင့်ပတ်သက်၍ GACC မှ အကြောင်းပြန်ကြားလာခြင်း

တရုတ်ပြည်သူ့သမ္မတနိုင်ငံ အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့နှင့် မြန်မာနိုင်ငံစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့အကြား ၂၄.၉.၂၀၁၄ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့သည့် "မြန်မာနိုင်ငံမှဆန်ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့တင်ပို့ရန် စစ်ဆေးခြင်းနှင့်ပိုးမွှားကင်းစင်ရေးသဘောတူစာချုပ်" ၌ ဆန်အပြင် ဆန်ကွဲကိုပါ ထည့်သွင်း၍ ပြင်ဆင်ချုပ်ဆိုမည့် သဘောတူစာချုပ်(မူကြမ်း)နှင့်ပတ်သက်၍ သဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးမည့် ပုဂ္ဂိုလ်နှင့် ရာထူးအဆင့်၊ သဘောတူစာချုပ်အား လက်မှတ်ရေးထိုးလိုသည့် နေ့ရက်နှင့်နေရာ (တရုတ်ပြည်သူ့သမ္မတနိုင်ငံ (သို့) မြန်မာနိုင်ငံ) တို့ကိုပြန်ကြားပေးနိုင်ပါရန် ရည်ညွှန်းပါစာများဖြင့် အကြောင်းကြားလာမှုအပေါ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့၏ သွင်းကုန်နှင့်ပို့ကုန် အစားအစာဘေးကင်းလုံခြုံရေးဗျူရို (Bureau of Import and Export Food Safety of the General Administration of Customs of China–GACC) သို့ မြန်မာသံရုံး၊ ပေကျင်းမြို့မှ (၂၉.၈.၂၀၁၉) ရက်နေ့တွင်ဆက်လက်အကြောင်းကြားခဲ့ပါသည်။ ထိုသို့အကြောင်းကြားခဲ့မှုနှင့်ပတ်သက်၍ GACC အနေဖြင့် မြန်မာနိုင်ငံမှ ပြင်ဆင်ခြင်းများကို လက်ခံသဘောတူပါကြောင်း၊ အဆိုပါ သဘောတူစာချုပ်(မူကြမ်း) တွင် ယခုပြင်ဆင်မည့် သဘောတူစာချုပ်အား လက်မှတ်ရေးထိုးပြီး စတင်အတည်ပြုပြီးပါက ယခင်သဘောတူစာချုပ်ကို အလိုအလျောက်ဖျက်သိမ်းလိုက်ပါကြောင်းဟူသော အချက်အလက်ကိုထည့်သွင်းဖော်ပြရန် အကြံပြုလိုပါကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် ပြင်ဆင်ခဲ့ပြီးသောသဘောတူစာချုပ်၏ တရုတ်ဘာသာနှင့်အင်္ဂလိပ်ဘာသာစာတမ်းများကို ပူးတွဲပေးပို့အပ်ပါကြောင်း၊ အဆိုပါသဘောတူစာချုပ် (မူကြမ်း)အပေါ် မြန်မာနိုင်ငံဖက်မှ ပြန်လည်အတည်ပြုပေးရန်ဖြစ်ပါကြောင်း၊ အဆိုပါသဘောတူစာချုပ်ချုပ်ဆိုခြင်းအစီအစဉ်ကိစ္စနှင့်ပတ်သက်၍ GACC ၏ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဌာနနှင့် ဆက်သွယ်ရန်အကြံပြုဖော်ပြအပ်ပါကြောင်းဖြင့် GACC မှ ပြန်လည်အကြောင်းကြားလာခဲ့ကြောင်းသိရှိရပါသည်။

**Source:** စီးပွားရေးသံမှူး-တရုတ်

## အရာတော်မြို့နယ်၌ လျှော်ဖြူစစ်တမ်းကောက်ယူ

မုံရွာခရိုင် အရာတော်မြို့နယ်တွင် လျှော်ဖြူစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်နှင့် ပြည်ပဈေးကွက်မြှင့်တင်ရေးအတွက် စစ်တမ်းကောက်ယူခဲ့ကြောင်း မုံရွာခရိုင် စားသုံးသူရေးရာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ရည်လင်းထွန်းကပြောသည်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနက ဦးဆောင်၍ လျှော်ဖြူစိုက်ပျိုးထုတ်လုပ်သူများနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ လျှော်ဖြူစစ်တမ်းကောက်ယူခြင်းကို စက်တင်ဘာ ၂၃ ရက်က အရာတော်မြို့နယ် မင်းရွာကျေးရွာခန်းမ၌ ဆောင်ရွက်ခဲ့သည်။ အဓိကလျှော်ဖြူစိုက်ကေတွေ စစ်တမ်းကောက်ယူတာပေါ့။ ပြည်ပပို့ကုန်အတွက် အမှန်စာရင်းတွေ ထုတ်ပြန်နိုင်အောင် ပိုပြီးသိနိုင်အောင်ပါ။ အရင်တုန်းကတော့ လျှော်ဖြူအသင်းအဖွဲ့အနေနဲ့ စစ်တမ်းကောက်တာတော့ရှိတယ်။ အခုစစ်တမ်းကောက်တာက စိုက်ကေပဲရှိသေးတာ။ အပင်သက်တမ်းအလိုက် စစ်တမ်းကောက်မှ အစေးထွက်ရှိတာသိနိုင်မယ်။ လက်ရှိစိုက်ထားတဲ့ အပင်တွေက အစေးမထွက်သေးဘူး။ အစေးထွက်ရှိမှုကို သိမှဝယ်လိုအား၊ ရောင်းလိုအားတွေ ထိန်းညှိနိုင်မှာပါဟု ဒေါ်ရည်လင်းထွန်းကပြောသည်။

လျှော်ဖြူစိုက်ပျိုးထုတ်လုပ်သည့် အသင်းအဖွဲ့များအနေဖြင့် ရေရှည်ဈေးကွက်ခိုင်မာရေး၊ အရည်အသွေး ပြည့်မီသောလျှော်ဖြူအစေးထွက်ရှိရေး၊ တရားဝင် တင်ပို့ရောင်းချနိုင်ရေး ဆွေးနွေးနေပြီး ပြည်တွင်း ထုတ်လုပ်မှု၊ သုံးစွဲမှု၊ ပိုလျှံမှုများ

တွက်ချက်၍ ကျယ်ကျယ်ပြန့်ပြန့် သတင်းထုတ်ပြန်ခြင်း၊ နိုင်ငံတကာ ပျော်ဖြူအစေးဈေးနှုန်းများ ထုတ်ပြန်ကြေညာနိုင်ရန် ဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်းကပြောသည်။ လျှော်ဖြူဈေးကွက်အနေအထားနှင့်ပတ်သက်၍ စစ်ကိုင်းတိုင်း လျှော်ဖြူ စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးဇော်မင်းက ကျန်သီးနှံတွေ အရှုံးနဲ့ရင်ဆိုင်နေရတဲ့အချိန်မှာ လျှော်ဖြူဟာ ဈေးအကောင်းဆုံးဖြစ်နေတယ်။ ဒါကို သာယာနေရုံနဲ့မရဘူး။ တရုတ်ကိုအားကိုးနေရင် ဆီးသီးလို ဈေးကွက် ပြိုလဲမသွားဘူးလို့ မပြောနိုင်ဘူး။ ဖရဲ၊ သခွားနဲ့မတူတာက လျှော်ဖြူက မရောင်းချင်ရင်သိမ်းထားလို့ရတဲ့ အားသာချက် ရှိတယ်။ ဈေးကွက်ရေရှည်တည်တံ့ဖို့တော့ ဖြစ်စေချင်တယ်ဟုပြောသည်။ အရာတော်မြို့နယ်ရှိ သစ်ကျင်းကြီး၊ မင်းရွာနှင့် မလဲသာကျေးရွာတို့တွင် လျှော်ဖြူစိုက်ပျိုး ထုတ်လုပ်တင်ပို့ရောင်းချသူများ အသင်းများဖွဲ့စည်းထားပြီး လျှော်ဖြူ ၁၁၈၆ ဧက စိုက်ပျိုးထားကြောင်း မုံရွာခရိုင် စားသုံးသူရေးရာဦးစီးဌာန မှတ်တမ်းများတွင် ဖော်ပြထားသည်။

**Source:** https://7daydaily.com/story/167049

## တရုတ်နှင့် ပြင်ဆင်ချုပ်ဆိုမည့် ဆန်တင်ပို့ခွင့်စာချုပ်တွင် အကန့် အသတ်မရှိ ဆန်ကွဲတင်ပို့ခွင့်ပြုမည့်အချက်ပါဝင်မည်

ဆန်တင်ပို့ခွင့်နှင့်ပတ်သက်၍ တရုတ်နိုင်ငံနှင့်ချုပ်ဆိုထားသောစာချုပ်ကို နှစ်ဖက်သဘောတူညီမှုအရ ပြင်ဆင်ချုပ် ဆိုရန်ရှိသည်ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးကပြောသည်။ အရင်တုန်းက ကျွန်တော်တို့က ဆန်ကိုပဲပို့လို့ရတယ်။ ဒါပေမဲ့ အခုပြန်ပြင်ချုပ်မယ့် စာချုပ်မှာဆိုရင် ဆန်ကွဲကိုပို့လို့ရမယ်။ ဆန်ကွဲကို ပို့မယ် ဆိုလို့ရှိရင်လည်း ဆန်ကွဲရဲ့ပမာဏက အကန့်အသတ်မရှိဘူး။ ကျွန်တော်တို့ပို့ချင်သလောက် ပို့လို့ရတဲ့သဘောရှိပါတယ်ဟု 7Day Daily သတင်းစာ၏မေးမြန်းမှုကို ဒုဝန်ကြီးကပြန်လည်ဖြေကြားသည်။ စက်တင်ဘာ ၂၄ ရက်က နေပြည်တော်ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၌ပြုလုပ်သော ဆန်စပါးဈေးကွက်နှင့်ဈေးနှုန်းဆိုင်ရာ သုံးသပ်အကြံပြု တင်ပြရေးလုပ်ငန်းကော်မတီ နှစ်ကြိမ်မြောက်ညှိနှိုင်း အစည်းအဝေးအပြီးတွင် ဖြေကြားခြင်းဖြစ်သည်။

တရုတ်နိုင်ငံသည် ဆန်ခွဲတမ်းသတ်မှတ်ရာတွင် အောက်တိုဘာနောက်ပိုင်းမှသာ သတ်မှတ်လေ့ရှိသဖြင့် စာချုပ်ပြန်လည်ပြင်ဆင်ချုပ်ဆိုမှုကို ယင်းနောက်ပိုင်းမှသာ လုပ်ဆောင်နိုင်ဖွယ်ရှိသည်ဟု ဒုဝန်ကြီးကဆိုသည်။ စာချုပ် ပြင်ဆင်ချုပ်ဆိုပြီးပါက ဆန်ကွဲပါဝင်မှုအတွက် စိုးရိမ်စရာမရှိတော့သည့်အပြင် လက်ရှိဈေးကွက်၏ ဝယ်လိုအားအရ တန်းမြင့် ဆန်အနေဖြင့်လည်း ပိုမို တင်ပို့ခွင့်ရနိုင်မည်ဟု ဦးအောင်ထူးကဆိုသည်။ ဥပမာ- ဆန်ကွဲပါဝင်မှု ၁၀ ရာခိုင်နှုန်း၊ ၅ ရာခိုင် နှုန်းပေါ့။ အဲဒီလို တောင်းဆိုလာတဲ့အခါ ကျွန်တော်တို့မှာ အကျိုးအကြေဆန်ကွဲတွေလည်း အရမ်းများနေတာပေါ့။ တကယ်လို့ ဆန်ကိုလည်း တန်းမြင့်ဆန်ပို့နိုင်မယ်၊ အဲဒီကထွက်လာတဲ့ အကျိုးအကြေတွေကိုလည်း အကန့်အသတ်မရှိ ပို့နိုင်မယ်ဆိုရင် တောင်သူလယ်သမားတွေအတွက် ပိုပြီးတော့အဆင်ပြေသွားမယ့်သဘောရှိပါတယ်ဟု ဒုဝန်ကြီးက ပြော သည်။ ယခင်ချုပ်ဆိုထားသော စာချုပ်အရ ဆန်တန်ချိန်တစ်သိန်းအတွက် ကုမ္ပဏီ ၁၁ ခုကို မြန်မာနိုင်ငံဘက်မှ ထောက်ခံ ချက်ဖြင့် ခွင့်ပြုပေးထားသော်လည်း လက်ရှိတွင် ဆန်တင်ပို့ခွင့်အတွက် အရည်အသွေးလာရောက်စစ်ဆေးထားပြီး ခွင့်ပြု ပေးခဲ့သည့် ကုမ္ပဏီ ၄၇ ခု ရှိပြီဖြစ်ကြောင်း ၎င်းကဆက်လက်ပြောသည်။

ပင်လယ်ရေကြောင်းမှတစ်ဆင့် တရုတ်နိုင်ငံသို့တင်ပို့ရန် ခွဲတမ်းရရှိထားသည့် ဆန်တန်ချိန်တစ်သိန်းကို လာမည့် အောက်တိုဘာမကုန်မီတင်ပို့နိုင်ရေး ဒုတိယဝန်ကြီးဦးအောင်ထူးက လုပ်ငန်းရှင်များကို တိုက်တွန်းထားသည်။ နှစ် ၇၀ ကျော် အတွင်း ပြည်ပသို့ဆန်တင်ပို့မှုအများဆုံးအဖြစ် ၂၀၁၇-၁၈ ဘဏ္ဍာနှစ်၌ တရုတ်နိုင်ငံသို့ ဆန်တန်ချိန် ၁ ဒသမ ၉ သန်းခန့် တင်ပို့နိုင်ခဲ့ကြောင်း စီးပွားကူးသန်းဝန်ကြီးဌာနစာရင်းများကဆိုသည်။ ယင်းသည် ပြည်ပဆန်တင်ပို့မှု ၃ ဒသမ ၆ သန်းခန့် အနက် တရုတ်တစ်နိုင်ငံတည်းသို့ ၅၀ ရာခိုင်နှုန်းကျော် တင်ပို့ခြင်းဖြစ်သည်။

**Source:** https://7daydaily.com/story/167077

## ရွှေဈေး အနည်းငယ်ပြန်ကျ

အခေါက်ရွှေ တစ်ကျပ်သားလျှင် ၁၃ သိန်းကျော်အထိမြင့်တက်ခဲ့သည့် ရွှေဈေးသည် လက်ရှိတွင် ကျပ် ၁၂၄၀၀၀၀ ဝန်းကျင်သာပေါက်ဈေးရှိတော့သည်။ တရုတ်-အမေရိကန် စီးပွားရေးစစ်ပွဲကို အခြေခံကာမြင့်တက်လာသည့် ကမ္ဘာ့ ရွှေပေါက်ဈေးကြောင့် အခေါက်ရွှေတစ်ကျပ်သားလျှင် ၁၂ သိန်းကျော် အထိမြင့်တက်လာခဲ့သည်။

ယင်းနောက် ပြည်တွင်းတွင်ထွက်ပေါ်ခဲ့သည့် ဘဏ်မှချေးငွေယူထားသည့် စီးပွားရေးလုပ်ငန်းရှင်များနှင့်သက်ဆိုင်သည့်

သတင်းများကြောင့် ဈေးနှုန်းမတည်မငြိမ်ဖြစ်ကာ အခေါက်ရွှေတစ်ကျပ်သားလျှင် ၁၃ သိန်းကျော်အထိ ဈေးများထပ်မံမြင့်တက်ခဲ့သော်လည်း ယင်းသတင်းများ တည်ငြိမ်သွားချိန်တွင် ဈေးပြန်ကျလာခြင်းဖြစ်သည်။ ဧပြီလက အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၀၅၀၀၀၀ ပေါက်ဈေးရှိခဲ့ပြီး ငါးလအတွင်း ရွှေဈေးကျပ်နှစ်သိန်းခန့်မြင့်တက်ခဲ့သည်။

**Source:** https://myanmar.mmtimes.com/news/128866.html

## ပြည်ပသို့ ကုက္ကိုသစ်ခွဲသားတင်ပို့ခွင့်မပြုကြောင်း စီးပွားကူးသန်းဝန်ကြီးဌာန အသိပေးစာထုတ်

ကုက္ကိုသစ်ခွဲသားများ ပြည်ပသို့တင်ပို့ခွင့်မပြုကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက စက်တင်ဘာ ၉ ရက်စွဲဖြင့် အသိပေးစာထုတ်ပြန်သည်။ ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုကို နှစ်ပေါင်းများစွာ အကာအကွယ်ပေးပြီး လူသားတို့ကို အကျိုးပြုနေသော ကုက္ကိုပင်များ မျိုးတုံးလျော့နည်းပျောက်ကွယ်မှုမရှိစေရန် ထိန်းသိမ်းစောင့်ရှောက်ရမည်ဟု ဝန်ကြီးဌာန၏အသိပေးစာတွင် ဖော်ပြထားသည်။ သဘာဝပတ်ဝန်းကျင်ရှုထောင့်မှ ကုက္ကိုပင်များကို ထိန်းသိမ်းကာကွယ်ရန် ကုက္ကိုသစ်ခွဲသား ပြည်ပသို့တင်ပို့ခွင့်ပြုမည်မဟုတ်ကြောင်း ဖော်ပြထားသည်။

မြန်မာနိုင်ငံတွင် ကျွန်းသစ်၊ ပျဉ်းကတိုးသစ်များ အပါအဝင် သစ်ပင်အမျိုးပေါင်း ၅၂ မျိုးကို တားမြစ်သစ်ပင်အဖြစ် သတ်မှတ်ကြောင်း သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ကြေညာချက်ထုတ်ပြန်ထားသည်။ မြန်မာနိုင်ငံတစ်ဝန်းရှိ အဆိုပါသစ်များကို ထိန်းသိမ်းကာကွယ်ရန်အလို့ငှာ တားမြစ်ခြင်းဖြစ်သည်ဟု ဝန်ကြီးဌာနကြေညာချက်တွင် ဖော်ပြထားသည်။

**Source:** https://7daydaily.com/story/167079

## မြန်မာ-စင်ကာပူနှစ်နိုင်ငံ ရင်းနှီးမြှုပ်နှံမှုနှင့် အကာအကွယ်ပေးရေး သဘောတူစာချုပ်ချုပ်ဆို



မြန်မာနိုင်ငံတွင် နိုင်ငံ ခြားရင်းနှီးမြှုပ်နှံမှု အများဆုံးပြုလုပ်ထားသော စင်ကာပူနိုင်ငံနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် အကာအကွယ်ပေးရေး သဘောတူစာချုပ်ကို စက်တင်ဘာ ၂၄ ရက်က ချုပ်ဆိုသည်။ ကန်ဒေါ်လာ ၂၂ ဘီလီယံ ကျော်ရင်းနှီးမြှုပ်နှံထားသော စင်ကာပူနိုင်ငံသည် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ပေးရေးနှင့် အကာအကွယ်ပေးရေး သဘောတူစာချုပ်ကြောင့် မြန်မာနိုင်ငံသို့ စင်ကာပူနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုများ ထပ်မံဝင်လာမည်ဟု ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးတစ်ဦးကပြောသည်။

နှစ်နိုင်ငံ ရင်းနှီးမြှုပ်နှံမှုနှင့်အကာအကွယ်ပေးရေး သဘောတူစာချုပ်က စီးပွားရေးကဏ္ဍအတွက် အရေးကြီးသော လိုအပ်ချက်တစ်ခုဖြစ်နေသည်။ ဖွံ့ဖြိုး ဆဲနိုင်ငံများ၏ အစိုးရများက ဝင်ရောက်လာသည့် ရင်းနှီးမြှုပ်နှံသူများအတွက် အကာအကွယ်ပေးထားသည့် အာမခံချက်တစ်ခုဖြစ်သည်။

မြန်မာနိုင်ငံသို့ ဝင်ရောက်လာသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စုစုပေါင်း၏ လေးပုံတစ်ပုံကျော်သည် စင်ကာပူရင်းနှီးမြှုပ်နှံမှုဖြစ်သည်။ မြန်မာနိုင်ငံ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စုစုပေါင်း ကန်ဒေါ်လာ ၈၁ ဘီလီယံကျော် တန်ဖိုးရှိသည်။ ၂၀၁၇ - ၁၈ ဘဏ္ဍာနှစ်စာရင်းများအရ စင်ကာပူနိုင်ငံနှင့် ကုန်သွယ်မှုပမာဏသည် ကန် ဒေါ်လာ ၃ ဒသမ ၉ ဘီလီယံရှိပြီး ယင်းဘဏ္ဍာနှစ် ကုန်သွယ်မှု ပမာဏ၏ ၁၀ ရာခိုင်နှုန်းကျော်ရှိသည်။ ၂၀၁၇ - ၁၈ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံ၏ စုစုပေါင်း ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ ၃၃ ဘီလီယံကျော်ရှိသည်။

**Source:** https://7daydaily.com/story/167078

## စပါးကို ပြည်ပသို့ အကန့်အသတ်ဖြင့် တင်ပို့မည်

လာမည့်နှစ် စပါးဈေးကွက် မပျက်စေရေးအတွက် လိုအပ်လျှင် အထူးအစီအစဉ်အဖြစ် ပြည်ပသို့ စပါးတင်ပို့ခွင့်ပြုမည်ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဒုတိယဝန်ကြီး ဦးအောင်ထူးက စက်တင်ဘာ ၂၄ တွင် ဆန်စပါးဈေးကွက်နှင့် ဈေးနှုန်းဆိုင်ရာ သုံးသပ် အကြံပြုရေးလုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးတွင်ပြောသည်။ စပါးတင်ပို့ခွင့်ပြုမည်ဖြစ်သော်လည်း ပမာဏအကန့်အသတ်အပြင် ကာလအကန့်အသတ်ဖြင့် ခွင့်ပြုမည်ဖြစ်သည်။ ပြည်တွင်းစပါးဈေး




အလွန်အမင်းကျဆင်းပြီး တောင်သူများထုတ်လုပ်မှုစရိတ်ကို မကာမိသည့် ဈေးနှုန်းအထိရောက်ရှိလာလျှင် အဆိုပါစပါးတင်ပို့ခွင့်ဖြင့် ဈေးနှုန်းကို ပြန်လည်ဆွဲတင်မည့် အစီအစဉ်ဖြစ်သည်။

တကယ်လို့ ဈေးနှုန်းတွေကျဆင်းခဲ့တယ်ဆိုရင် အထူးကိစ္စ တစ်ရပ်အနေနဲ့ စပါးကိုသတ်မှတ်ထားတဲ့တန်ချိန်၊ သတ်မှတ် ထားတဲ့ ကာလမှာ တင်ပို့ဖို့ဆိုပြီး ကျွန်တော်တို့ဆွေးနွေးခဲ့ပါတယ်။ ပြည်တွင်းဆန်လက်ကျန် များနေတဲ့အပြင် မိုးစပါးကလည်း မကြာခင်ထွက်တော့မှာဖြစ်တာကြောင့် အခုလိုစီစဉ်တာပါဟု ဦးအောင်ထူးကပြောသည်။ လက်ရှိတွင် စပါးအထွက်နှုန်းတိုးလာသော်လည်း ပြည်ပ ဈေးကွက်ကိုမူ ထပ်မံမတိုးချဲ့နိုင်သေးသည့်အတွက် ပြည်တွင်းတွင် လက်ကျန်ဆန် အမြောက်အမြားရှိနေကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က ဦးရဲမင်းအောင်က ပြောသည်။ အထွေထွေရွေးကောက်ပွဲကျင်းပမည့် ၂၀၂၀ ပြည့်နှစ်တွင် စပါးဈေးကွက်ပျက်ပြီး တောင်သူများထိခိုက်နစ်နာမှုမရှိစေရန်၊ တောင်သူများ ဆန္ဒပြမှုများဖြစ်မလာစေရန် အစိုးရအနေဖြင့် အခြေခံစပါးဈေးနှုန်းသတ်မှတ်ချက်ထုတ်ပြန်ရန်နှင့်လိုအပ်လျှင် စပါးကိုပါတင်ပို့ခွင့်ပြုရန်ဆောင်ရွက်နေခြင်းဖြစ်သည်။

အစိုးရက ၂၀၁၈ ခုနှစ်အတွက် စပါးဈေးကို အခြေခံဈေးနှုန်း ကျပ် ၅၀၀,၀၀၀ သတ်မှတ်ပေးခဲ့ပြီးနောက် လာမည့် ၂၀၂၀ ပြည့်နှစ်တွင်လည်း သတ်မှတ်ထုတ်ပြန်ရန် လွှတ်တော်ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်နှင့် တောင်သူကိုယ်စားလှယ်များ ညှိနှိုင်းဆွေးနွေးခဲ့သည်။ စပါးအခြေခံဈေးနှုန်း သတ်မှတ်နိုင်ရေးအတွက် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က အကြံပြုထားသည့်နှုန်းမှာ တင်း ၁၀၀ လျှင် ကျပ် ၄၈၀၀၀၀၊ ၅၀၀၀၀၀ နှင့် ၅၂၀၀၀၀ တို့ဖြစ်သည်။ ဒီနှုန်းသုံးခုပေါ်မှာ နိုင်ငံတော်အစိုးရနဲ့ ညှိနှိုင်းပြီးတော့ တစ်ခုကိုရွေးချယ်ဖို့အတွက် အကြံပြုတင်ပြခြင်းဖြစ်ပါတယ်ဟု ဦးရဲမင်းအောင်က ပြောသည်။ သတ်မှတ်ထုတ်ပြန်သည့် စပါးအခြေခံဈေးနှုန်းသည် နိုင်ငံရေးအရလည်း ထိလွယ်ရှလွယ်သည့်ကိစ္စ ဖြစ်သောကြောင့် တောင်သူများ ကျေနပ်သည့် ဈေးနှုန်းဖြစ်ရန်လည်းလိုအပ်ကြောင်း ဦးအောင်ထူးကပြောသည်။ ဒီဈေးနှုန်းကို တောင်သူလယ်သမားတွေဘက်က ကျေနပ်မှုမရှိဘူးဆိုရင် နိုင်ငံအဝန်းဆန္ဒပြမှုတွေလည်း ဖြစ်ပေါ်လာနိုင်တဲ့ အနေအထားရှိပါတယ်။ ဒါပေမဲ့ အားလုံးကျေနပ်တဲ့ နှုန်းထားဖြစ်ဖို့လည်း ခက်ခဲတယ်ဟု ၄င်းကဆိုသည်။ စပါးအခြေခံဈေးနှုန်းကို လာမည့် အောက်တိုဘာ ၁၅ ရက်မတိုင်မီ ဦးဆောင်ကော်မတီက ထုတ်ပြန်ကြေညာရန် ၄င်းတို့က အကြံပြုမည်ဟုဆိုသည်။

မြန်မာနိုင်ငံသည် ဆန်အမိကတင်ပို့သောနိုင်ငံအဖြစ် ပြန်လည်ရောက်ရှိရန် ကြိုးစားလျက်ရှိသော်လည်း ကုန်ကြမ်းဖြစ်သော စပါးကိုမူ ပြည်တွင်းအလုပ်အကိုင်ရရှိရေးနှင့်မွေးမြူရေးတိရစ္ဆာန်စာအဖြစ်ရရှိရေးအတွက် ပြည်ပသို့တင်ပို့ခွင့်ပြုမထားပေ။ သို့သော်လည်း ပြည်တွင်းစပါးဈေးနှုန်း အလွန်အမင်းကျဆင်းပြီး တောင်သူများအရှုံးပေါ်နိုင်သည့်အခြေအနေတွင် အထူးအစီအစဉ်အဖြစ် ခွင့်ပြုခဲ့သည်များ ရှိခဲ့သည်။

ထို့ကြောင့် ရွေးကောက်ပွဲကျင်းပမည့် ၂၀၂၀ ပြည့်နှစ်တွင်လည်း ဈေးနှုန်းတည်ငြိမ်မှုရှိရန် အခြေခံဈေးနှုန်း သတ်မှတ်ထုတ်ပြန်မည့်အပြင် ထပ်မံလိုအပ်ပါက စပါးကိုတင်ပို့ခွင့်ပြုမည်ဖြစ်သည်။ အခြေခံဈေးနှုန်း သတ်မှတ်ပေးစေချင်တာရယ်၊ စပါးကိုစပါးအတိုင်း နိုင်ငံခြားတင်ပို့နိုင်အောင် စီစဉ်ပေးစေချင်တာရယ်။ အဲဒီနှစ်ခုပဲ တောင်းဆိုချင်ပါတယ်ဟု စစ်ကိုင်းတိုင်းဒေသကြီးက တောင်သူကိုယ်စားလှယ် ဦးပေါက်ကျော်ကပြောသည်။

**Source:** https://myanmar.mmtimes.com/news/128860.html

## တာချီလိတ်ကုန်သွယ်ရေးစခန်းက ပြောင်းနှင့်ရော်ဘာစေး ပိုမိုတင်ပို့လာ

တာချီလိတ် ကုန်သွယ်ရေးစခန်းက ထိုင်းဘက်သို့ ပြောင်းနှင့်ရော်ဘာစေး ပိုမိုတင်ပို့နိုင်လာကြောင်း အဆိုပါစခန်း ကုန်သွယ်ရေးစာရင်းများအရ သိရသည်။ တာချီလိတ်ရှိ ပို့ကုန်လုပ်ငန်းရှင်တစ်ဦးဖြစ်သူ ဦးအောင်ပိုင်စိုးက ကြက်သွန်နီနဲ့ ကြက်သွန်ဖြူတို့ကိုအခွန်သက်သာခွင့်နဲ့တင်ပို့နိုင်အောင် ထိုင်းဘက်ကိုဆွေးနွေးထားတာရှိတယ်။ ဒါဆို ပို့ကုန် ပိုပြီးပို့လာနိုင်စေမယ်။ လက်ရှိမှာတော့ရော်ဘာစေးက ပိုပြီးတင်ပို့လာနိုင်သလို ပေါက်ဈေးအတိုင်းရရှိတယ်ဟုပြောသည်။ တာချီလိတ်

ကုန်သွယ်ရေးစခန်းက ဩဂုတ်လ အတွက် ပို့ကုန်တန်ဖိုး ကန်ဒေါ်လာ ၇၃၆၀၀၀ နှင့် သွင်းကုန် ၄ ဒသမ ၅၃၁ သန်းဖိုး ကုန်သွယ်ထားကြောင်းသိရသည်။ ထို့ကြောင့် ပို့ကုန်အပိုင်းတွင် ယခင်နှစ် ဩဂုတ်လနှင့်နှိုင်းယှဉ်ပါက ကန်ဒေါ်လာ လေးသိန်းကျော် ပိုမိုရရှိထားကြောင်းသိရသည်။ တရုတ်ကပြောင်းကိုမဝယ်တော့ တရုတ်ဘက်ပို့မယ့် ရှမ်းပြည်နယ်က ပြောင်းတွေကို မြန်မာ-ထိုင်းနယ်စပ်ဘက်ကို ပြန်ရောင်းချရတယ်။ ထိုင်းက ဘဏ္ဍာနှစ်အလိုက် ပြောင်းတန်ချိန် နှစ်သိန်း လောက်ဝယ်တယ်။ အခုဘဏ္ဍာနှစ်မှာတော့ ထိုင်းကပဲအဝယ်များတော့ တန်ချိန်များလာနိုင်တယ်။ အခု ပြောင်းတစ်ပိဿာ သယ်ယူစရိတ်ကို ကျပ် ၅၀ပေးရတယ်။ ၅၃ ပိဿာရှိ ပြောင်းတစ်အိတ်ကို ကျပ် ၂၂၀၀၀ ကနေ ကျပ်၂၃၀၀၀ ကြားရရှိ တယ်ဟု ပြောင်းကုန်သည် ဦးမင်းခန့်ကပြောသည်။ အဆိုပါစခန်းက အဓိကတင်ပို့နေသည့် ကုန်စည်များမှာ ရော်ဘာစေး၊ ကြက်သွန်နီ၊ ပြောင်း၊ လက်ဖက်၊ ဖရဲ၊ တစ်သျှူးငှက်ပျော၊ ကြက်သွန်ဖြူ၊ ကော်ဖီစေ့၊ ထောပတ်သီး၊ လိမ္မော်သီး၊ သစ်ခေါက် စသည်တို့တင်ပို့ပြီး သွင်းကုန်အနေဖြင့် လူသုံးကုန်ပစ္စည်းများ၊ စက်ကိရိယာများ၊ စားသောက် ကုန်ပစ္စည်း၊ ဆောက်လုပ်ရေး ပစ္စည်းများ၊ ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းများကို အများဆုံးတင်သွင်းကြောင်းသိရသည်။

မြန်မာ-ထိုင်း နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး နယ်စပ်ကုန်သွယ်ရေး ကော်မတီအစည်းအဝေးအရ မြန်မာ ပို့ကုန်များ ဖြစ်သော ကြက်သွန်နီ၊ အာလူး၊ ပြောင်းနှင့် မြေပဲဆန်တို့ကို ကိုတာဖြင့် ထိုင်းက အခွန်ကင်းလွတ်ခွင့်ပေးရန်၊ ကျွဲ၊ နွားသိုး၊ ဆိတ်များကို ထိုင်းနိုင်ငံက ဝယ်ယူပေးရန် သဘောတူညီချက်ရရှိထားသည်။ မြန်မာ-ထိုင်းနယ်စပ်စခန်းများမှာ မြဝတီ ကုန်သွယ်ရေးစခန်း၊ တာချီလိတ်နှင့်ကျိုင်းတုံကုန်သွယ်ရေးစခန်းတို့ဖြစ်သည်။ နှစ်နိုင်ငံအကြား အပြန်အလှန်ကုန်သွယ်မှု ပမာဏမှာ ပုံမှန်တိုးတက်လျက်ရှိပြီး ယခုနှစ်တွင် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၂ ဘီလျံ ရောက်ရှိရန် ရည်မှန်း ထားသည်။ ပြီးခဲ့သည့်နှစ်က နှစ်နိုင်ငံ ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၇ ဒသမ ၇၄ ဘီလျံရှိခဲ့သည်။

**Source:**https://www.facebook.com/thefarmermedia/photos/a.301081060006087/2476358312478340/?type=3&theater

## တရုတ်၏ ဒူးရင်းဝယ်လိုအားကြောင့် မလေးရှားသစ်တောများ ထပ်မံပြုန်းတီးနိုင်ဟုဆို




တရုတ်နိုင်ငံ၏ ဒူးရင်းသီးဝယ်လိုအား မြင့်တက်မှုသည် မလေးရှားနိုင်ငံ၏ မိုးသစ်တောများ ထပ်မံပြုန်းတီးစေမည့် နောက်ထပ်ခြိမ်းခြောက်မှုတစ်ခု ဖြစ်လာ နိုင်ကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာရှင်တစ်ဦးက ကြာသပတေးနေ့ တွင်သတိပေးခဲ့ပြီး အစိုးရကထိန်းကျောင်းမှုပြုလုပ်ရန်လည်း တိုက်တွန်းခဲ့သည်။ မလေးရှားသည် သစ်ထုတ်လုပ်ခြင်း၊ ဆီအုန်းစိုက်ပျိုးခြင်းတို့ကြောင့် မိုးသစ်တော များစွာ ဆုံးရှုံးထားရသည့်နိုင်ငံဖြစ်ပြီး ယခုအခါ တရုတ်၏ဒူးရင်းသီး ဝယ်လို အားက သစ်တောများ ထပ်မံရှင်းလင်းမှုကို ဦးတည်စေဖွယ်ရှိသည်။ သစ်တောတွေအတွက် ခြိမ်းခြောက်မှုအသစ်တွေ ထပ်ရှိနေပါတယ်။ တရုတ်ရဲ့ ဒူးရင်းဝယ်လိုအားလို သစ်သီးဝလံဝယ်ယူမှု မြင့်တက်လာတာ အပါအဝင် ဖြစ်ပါတယ်ဟု အပူပိုင်းမိုးသစ်တောထိန်းသိမ်းရေးနှင့် သုတေသနစင်တာ(TRCRC) ၏ အမှုဆောင်ဒါရိုက်တာ Dzaeman Dzulkifli ကသွမ်ဆင်ရိုက်တာဖောင်ဒေးရှင်းသို့ ပြောသည်။ ဒူးရင်းစိုက်ပျိုးရေးက နောက်ထပ်ခြိမ်းခြောက်မှုကြီးတစ်ခု ဖြစ်နိုင် ပါတယ်ဟု ၎င်းကဆက်ပြောသည်။ TRCRC အဖွဲ့သည် မလေးရှားနိုင်ငံ၏ သစ်တောထိန်းသိမ်းရေးအဖွဲ့များအနက် ဦးဆောင်အဖွဲ့အစည်းတစ်ခုဖြစ်သည်။ ၎င်းက ဒူးရင်း ဝယ်လိုအားကြောင့် မလေးရှားသစ်တောများ ပြုန်းတီးမှုမဖြစ်စေရေး အစိုးရကကာကွယ်ပေးရန်နှင့် စစ်ဆေးထိန်းချုပ်မှုများ အလျင်အမြန်ပြုလုပ်ရန် တိုက်တွန်းခဲ့သည်။ ဒူးရင်းခြံထွင်စိုက်ပျိုးမှုကို အစိုးရက ဥပဒေပြဋ္ဌာန်း၍ ထိန်းချုပ်ရန် လို၊ မလို မေးမြန်းသည့်အခါ Dzulkifliက ဖြစ်လာနိုင်ခြေရှိတဲ့နေရာတွေမှာ ညွှန်ကြားချက်တွေ ချမှတ်ပေးနိုင်ရင်ကို အတော်အဆင်ပြေပါတယ်ဟု ဖြေကြားသည်။

တစ်ချိန်ကမိသားစု ဥယျာဉ်ခြံနှင့် တစ်ပိုင်တစ်နိုင်တောင်သူများကသာ စိုက်ပျိုးခဲ့သောဒူးရင်းသီးကို ယခုအခါငွေကြေးအင်အားတောင့်တင်းသော လယ်ယာလုပ်ငန်းကြီးများက ဒူးရင်းစိုက်ပျိုးပြီး ပြည်ပသို့တင်ပို့ကာ နိုင်ငံခြားဝင်ငွေ ရှာဖွေလာကြသည်။ မလေးရှားသည် ထိုင်းနိုင်ငံက ဦးဆောင်နေသော ဒူးရင်းဈေးကွက်တွင် ဈေးကွက်ဝေစုတိုးမြှင့်ရရှိရေး ကြိုးပမ်းနေပြီး ၂၀၃၀ ပြည့်နှစ်အရောက်တွင် ဒူးရင်းတင်ပို့မှု ၅၀ ရာခိုင်နှုန်းမြှင့်တင်နိုင်ရန် ရည်ရွယ်ထားသည်။ ၂၀၁၈ ခုနှစ်တွင် ကမ္ဘာ့အပူပိုင်း သစ်တောဧရိယာ ဆုံးရှုံးမှုဟက်တာ ၁၂ သန်း ရှိခဲ့ပြီး မလေးရှားနိုင်ငံကလည်း ပြန်းတီးမှု အမြင့်ဆုံး နိုင်ငံစာရင်းတွင်ပါဝင်ခဲ့ကြောင်း ကမ္ဘာ့သစ်တောစောင့်ကြည့်ရေးအဖွဲ့၏ ထုတ်ပြန်ချက်အရသိရသည်။ မလေးရှားသည် သစ်ထုတ်လုပ်မှုများသောနိုင်ငံဖြစ်သည့်အပြင် ကမ္ဘာ့လူသုံးအများဆုံး စားသုံးဆီဖြစ်သည့် စားအုန်းဆီထုတ်လုပ်မှု ဒုတိယအများဆုံးနိုင်ငံအဖြစ်လည်း ရပ်တည်လျက်ရှိသည်။ မလေးရှားနှင့်အင်ဒိုနီးရှားနိုင်ငံ ဆီအုန်းဒေသများတွင် သစ်ထုတ်လုပ်မှု၊ တောရှင်းလင်းမှု၊ တောမီးလောင်မှုနှင့် လုပ်သားဖိနှိပ်မှုဖြစ်ပေါ်နေသဖြင့် နှစ်နိုင်ငံ၏ ဆီအုန်းလုပ်ငန်းများမှာ နိုင်ငံတကာ၏ စောင့်ကြည့်မှုခံနေရသည်။

**Source:** https://www.facebook.com/thefarmermedia/photos/a.301081060006087/ 2476419985805506/?type=3&theater

## အိန္ဒိယကြက်သွန်နီဈေး လ ၂၀ အတွင်း အမြင့်ဆုံးနှုန်းသို့ ရောက်လာ




အိန္ဒိယအစိုးရက ပြည်တွင်းကြက်သွန်ရောင်းလိုအား မြှင့်တင်ရန် စီမံချက်များ ဖော်ဆောင်ခဲ့သော်လည်း တနင်္လာနေ့က ဖြစ်ပေါ်သော အိန္ဒိယကြက်သွန်ဈေးမှာ ၂၀၁၈ ခုနှစ် ဇန်နဝါရီလနောက်ပိုင်း အမြင့်ဆုံးသို့ရောက်ရှိခဲ့သည်။ အာရှတိုက်၏ အကြီးဆုံး ကြက်သွန်ဈေးဖြစ်သော Lasalgaon ဈေးတွင် ကြက်သွန်ဈေးသည် တစ်ကီလိုလျှင် ၁ ဒသမ ၅ ရူပီးခန့် မြင့်တက်၍ ယခင်နှစ် ဇန်နဝါရီလနောက်ပိုင်း အမြင့်ဆုံးအဖြစ် တစ်ကီလို ၃၂ ရူပီးနှုန်းသို့ ရောက်ရှိခဲ့သည်။ ကြက်သွန်ဈေးသည် ပြီးခဲ့သည့် သုံးလအတွင်း တစ်ကီလိုလျှင် ကိုးရူပီးမှ ၁၃ ရူပီးအကြားသာရပ်တည်ခဲ့ပြီး ပြီးခဲ့သည့်တစ်လအတွင်း ဈေးနှစ်ဆကျော် မြင့်တက်လာခဲ့သည်။

ကြက်သွန်ဈေး အဆမတန်မြင့်တက်လာခြင်းကြောင့် နိုင်ငံခြားကုန်သွယ်မှုဦးစီးဌာနသည် ပြည်ပသို့ကြက်သွန်တင်ပို့မှု ထိန်းချုပ်ရန် ကြက်သွန်တင်ပို့မှု အခြေခံဈေး (MEP) ကို တစ်တန်လျှင် ကန်ဒေါ်လာ ၈၅၀ သို့ မြှင့်တင်လိုက်ကြောင်း ပြီးခဲ့သည့်သောကြာနေ့က ကြေညာချက်ထုတ်ပြန်လိုက်သည်။ ထို့ပြင် ဌာနကလျာထားသော အဖွဲ့အစည်းများကို ကြက်သွန်တန်ချိန် ၂၀၀၀ တင်သွင်းခွင့်ကိုလည်း ခွင့်ပြုပေးခဲ့သည်။ ယခင်နှစ်က ကြက်သွန်ဈေး နိမ့်ကျလွန်းခြင်းကြောင့် ယခုနှစ်၌ တောင်သူများ ကြက်သွန်ကိုလျှော့ချစိုက်ပျိုးလာကြရာ ရောင်းလိုအားပြတ်တောက်ပြီး ဈေးနှုန်းမြင့်တက် လာခြင်းဖြစ်သည်။ ယခင်နှစ်က ကြက်သွန်တစ်ကီလိုလျှင် နှစ်ရူပီးသာဈေးရှိခဲ့ပြီး အစိုးရကလည်းတောင်သူထံမှ ကြက်သွန်ကို အခြေခံသတ်မှတ်၍ ဝယ်ယူပေးခဲ့ခြင်းမရှိပေ။ တောင်သူတွေဟာ အစိုးရဆီကဘာမှတောင်းဆိုလိုခြင်း မရှိကြတော့ပါဘူး။ လက်ရှိပေါက်ဈေးကို ဈေးကွက်အခြေအနေကနေ မောင်းနှင်နေတာပါ။ ဒါကို အစိုးရကလက်ခံရပါမယ်။ အစိုးရက အခြေခံပို့ကုန်ဈေးကိုမြှင့်လိုက်ပြီး သွင်းကုန်ခွင့်ပြုလိုက်တာဟာ ပြည်ပနိုင်ငံက တောင်သူတွေကို အားပေးရာရောက်ပါတယ်ဟု Pimpalgaon ဈေး၊ လယ်ယာကုန်စည်ဈေးကွက်ကော်မတီ၏ဥက္ကဋ္ဌ Diliprao Shankarrao Bankar ကပြောသည်။ Lasalgaonဈေး၏ ဈေးကော်မတီဥက္ကဋ္ဌ Jaydatta Sitaram Holkar ကလည်း အစိုးရရဲ့လုပ်ဆောင်ချက်ဟာ မလိုလားအပ်တဲ့လုပ်ဆောင်ချက်ပါ။ တောင်သူတွေဟာ ဈေးကောင်းကို သုံး၊ လေးနှစ်မှ တစ်ကြိမ်ကြုံတွေ့ရတာဖြစ်ပါတယ်။

ကြက်သွန်ဈေးက စိုက်စရိတ်အောက်အထိကျနေတဲ့အချိန်မှာတောင် အစိုးရက ကြားဝင်ဆောင်ရွက်ခဲ့ခြင်းမရှိပါဘူး။ တင်သွင်းတဲ့ ကြက်သွန်တွေရောက်လာချိန်မှာ ပြည်တွင်းကြက်သွန်လည်း ပေါ်နေပြီဖြစ်ပါတယ်ဟုပြောခဲ့သည်။

**Source:** https://www.facebook.com/thefarmermedia/photos/a.301081060006087/2476427159138122/?type=3&theater

## မြန်မာအပါအဝင် အာရှစီးပွားရေးကျဆင်းမယ်လို့ ADB ခန့် မှန်း

ကမ္ဘာ့တဝန်းကုန်သွယ်ရေးနေးကွေးနေသလို၊ ရင်းနှီးမြှပ်နှံမှုပိုင်းမှာလည်း အားနည်းနေတာကြောင့် မြန်မာနိုင်ငံအပါအဝင် အာရှဒေသက ဖွံ့ဖြိုးဆဲနိုင်ငံတွေရဲ့ အခုနှစ် စီးပွားရေးတိုးတက်မှုနှုန်းကျဆင်းမယ်လို့ အာရှဖွံ့ဖြိုးရေးဘဏ် ADB က ခန့်မှန်းလိုက်ပါတယ်။ အခုနှစ်မှာရော ရှေ့နှစ်မှာပါ အာရှဒေသစီးပွားရေးဟာ အရင်ခန့်မှန်းထားတာထက်ကို နှေးကွေးမယ်လို့ ADB ရဲ့ ထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။ အာရှဒေသရဲ့ ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုးက ၂၀၁၈ ခုနှစ်ကထက် .၅% ကျဆင်းပြီး အခုနှစ်မှာ ၅.၄ % နဲ့ ၂၀၂၀ ခုနှစ်မှာ ၅.၅ % ပဲရှိမယ်လို့ ခန့်မှန်းပါတယ်။ အာရှတလွှား ငွေကြေးဖောင်းပွမှုကတော့ အခုနှစ်မှာရော ရှေ့နှစ်မှာပါ ၂.၇ % အထိရှိမယ်လို့ ADB ကပြောပါတယ်။

တရုတ်နိုင်ငံနဲ့ အမေရိကန်ကြားဖြစ်နေတဲ့ ကုန်သွယ်ရေးတင်းမာမှုတွေက ရှေ့နှစ်အထိရှိနိုင်သလို၊ ကမ္ဘာ့စီးပွားရေးမှာ အရေးပါတဲ့နိုင်ငံတွေကလည်း စီးပွားရေးတိုးတက်အောင် အရင်ခန့်မှန်းထားတာထက် ပိုကြိုးစားရမယ့်အခြေအနေဖြစ်နေတယ်လို့ ADB ရဲ့အဓိကစီးပွားရေးပညာရှင် Yasuyuki Sawada ကကြေညာချက်ထဲမှာ ပြောထားပါတယ်။ အာရှ Pacific ဒေသထဲကမှ တောင်အာရှဒေသက စီးပွားရေးအတိုးတက်ဆုံးဒေသဖြစ်မယ်လို့ ADB ကပြောပါတယ်။ India နိုင်ငံရဲ့ စီးပွားရေးကတော့ .၅% ကျဆင်းနိုင်တယ်လို့တွက်ပါတယ်။ အရှေ့တောင်အာရှဒေသကတော့ ၂၀၁၉ ကုန်ချိန်မှာ စီးပွားရေး တိုးနှုန်းက အရင်မှန်းထားထက် .၃ % လျော့သွားမယ်လို့ခန့်မှန်းပါတယ်။ အာရှက ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ ကုန်ဈေးနှုန်း အနည်းငယ်တက်လာတဲ့ဒဏ်ကိုလည်းခံရမယ်လို့ ADB ကပြောထားပါတယ်။ မြန်မာနိုင်ငံအတွက် ခန့်မှန်းချက်မှာတော့ မြန်မာနိုင်ငံရဲ့ စီးပွားရေးတိုးနှုန်းဟာ ၂၀၁၈ ခုနှစ်က ၆.၈ % ရှိခဲ့ရာက ၂၀၁၉ အကုန်မှာ ၆.၆ % ကျဆင်းနိုင်ပြီး ငွေကြေးဖောင်းပွမှုနှုန်းကလည်း မနှစ်ကထက် ၉ % တက်ပြီး ၈ % အထိရှိနိုင်တယ်လို့ ADB ရဲ့ ၂၀၁၉ စီးပွားရေးခန့်မှန်းချက်မှာ ဖော်ပြထားပါတယ်။

**Source: VOA Burmese News**

https://www.facebook.com/kope.aung

## စက်မှုဇုန်နဲ့ အတူ ခြေလှမ်းစိပ်လာတဲ့ ကိုရီးယားရင်းနှီးမြှုပ်နှံမှု



ကိုရီးယားစက်မှုဇုန်ဟု အလွယ်ခေါ်ကြသော ကိုရီးယား-မြန်မာ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု စက်မှုဇုန်စီမံကိန်း (KMIC) သည် ရန်ကုန်မြို့မြောက်ဘက် ခြောက်မိုင်ခန့်အကွာရှိ လှည်းကူးမြို့နယ်၊ ညောင်နှစ်ပင်ကျေးရွာအနီးတွင် ပေါ်ထွန်းလာမည့် စီမံကိန်းတစ်ခုဖြစ်သည်။ စက်တင်ဘာလဆန်းပိုင်းတွင် မြန်မာနိုင်ငံသို့လာရောက်ခဲ့သော ကိုရီးယားနိုင်ငံသမ္မတ မွန်ဂျေအင်းသည် ၎င်း၏ခရီးစဉ်အတွင်း ကိုရီးယား-မြန်မာ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု စက်မှုဇုန်စီမံကိန်းကို စတင်တည်ထောင်ခြင်း အခမ်းအနားကိုတက်ရောက်ခဲ့သလို နှစ်နိုင်ငံခေါင်းဆောင်များ တွေ့ဆုံမှုတွင်လည်း အဆိုပါစက်မှုဇုန်စီမံကိန်း၏ အနာဂတ်အစီအစဉ်များကို ထည့်သွင်းဆွေးနွေးခဲ့ကြသည်။ ကိုရီးယား-မြန်မာ စက်မှုဇုန်စီမံကိန်းက မြန်မာမှာ အကောင်းဆုံးစုပေါင်းစက်မှုဇုန် (Complex Industrial Zone) တစ်ခုဖြစ်လာမှာပါ။ မြန်မာနိုင်ငံရဲ့ အလားအလာကောင်းတဲ့ ဈေးကွက်ကို ဖွင့်လှစ်ရာမှာ ဒီစီမံကိန်းက အကူအညီပေးနိုင်မှာဖြစ်ပါတယ်ဟုKorea Land and Housing Corporation မှ မြန်မာနိုင်ငံဆိုင်ရာ မန်နေဂျာ မစ္စတာကင်ဂမ်ဂူးက မြန်မာတိုင်း(မ်)သို့ပြောသည်။

ကိုရီးယား-မြန်မာသည် စက်မှုဇုန်စီမံကိန်းသည် ကိုရီးယားအစိုးရ လက်အောက်ခံအဖွဲ့အစည်းဖြစ်သည်ဟုKorea Land

and Housing Corporation နှင့် မြန်မာနိုင်ငံမှဆောက်လုပ်ရေးဝန်ကြီးဌာနတို့ အကျိုးတူပူးပေါင်းဆောင်ရွက်သော စီမံကိန်းတစ်ခုဖြစ်သည်။ ကိုရီးယား-မြန်မာချစ်ကြည်ရေးတံတားဖြစ်သော ဒလတံတားစီမံကိန်းပြီးနောက် နှစ်နိုင်ငံအစိုးရချင်း ပူးပေါင်းမှုဖြင့် မြန်မာနိုင်ငံတွင် ဆောင်ရွက်သည့် ကိုရီးယားနိုင်ငံ၏ ဒုတိယမြောက်စီမံကိန်းတစ်ခုလည်း ဖြစ်လာသည်။ အဆိုပါစက်မှုဇုန်စီမံကိန်းအတွက် ကိုရီးယားနိုင်ငံဘက်မှ ၆၀ ရာခိုင်နှုန်းပါဝင်ပြီး မြန်မာနိုင်ငံဘက်မှ ၄၀ ရာခိုင်နှုန်း ပါဝင်မည်ဖြစ်သည်။ အဆိုပါစီမံကိန်းသည် ပြီးခဲ့သည့် ဦးသိန်းစိန်အစိုးရလက်ထက်၂၀၁၅ ခုနှစ်တွင် နားလည်မှုစာချွန်လွှာ စတင်ချုပ်ဆိုခဲ့ခြင်းဖြစ်ပြီး ယခုအချိန်တွင်မှသာ စီမံကိန်း ရုပ်လုံးပုံပေါ်လာခြင်းဖြစ်သည်။ အခုချိန်မှာ စက်မှုဇုန်ထဲကို ဘယ်ကိုရီးယားကုမ္ပဏီကြီးတွေက လာရောက်ရင်းနှီးမြှုပ်နှံမယ်ဆိုတာကို ကျွန်တော်တို့အနေနဲ့Promote မလုပ်ရသေးတဲ့ အတွက် သေချာမသိရသေးပေမဲ့ လာမယ့်နှစ်မှာတော့ ဈေးကွက်ကို ဒီစက်မှုဇုန်အကြောင်း စတင်မိတ်ဆက်မှာ ဖြစ်ပါတယ်။ သေချာတာတစ်ခုက ကျွန်တော်တို့အနေနဲ့ လူသိများပြီး နောက်ခံဇာစ်မြစ်ကောင်းတဲ့ ကိုရီးယားကုမ္ပဏီတွေကို ခေါ်ဆောင်လာနိုင်ပါတယ်ဟု မစ္စတာကင်ဂမ်ဝူးကပြောသည်။ စက်မှုဇုန်အတွင်း နိုင်ငံတကာကုမ္ပဏီပေါင်း ၂၀၀ ကျော် လာရောက် ရင်းနှီးမြှုပ်နှံရန် မျှော်မှန်းထားပြီး အလုပ်အကိုင်အခွင့်အလမ်း တစ်သိန်းကျော် ဖန်တီးနိုင်ရန် ရည်ရွယ်ထားသည်။

ကိုရီးယား-မြန်မာ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု စက်မှုဇုန်စီမံကိန်းတွင် ကိုရီးယားစီးပွားရေးလုပ်ငန်းများ ပိုမို ရင်းနှီးမြှုပ်နှံလာစေရန် တိုက်တွန်းပေးသွားမည်ဟု ကိုရီးယားနိုင်ငံသမ္မတ မွန်ဂျေအင်းသည် ၎င်း၏ခရီးစဉ်အတွင်း ထည့်သွင်း ပြောဆိုခဲ့သည်။ ကိုရီးယား-မြန်မာ စက်မှုဇုန်စီမံကိန်း၏ ရင်းနှီးမြှုပ်နှံမှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ သန်း ၁၁၀ ခန့် ကုန်ကျမည်ဟု ခန့်မှန်းထားပြီး စီမံကိန်းကာလသည် ၂၀၁၉ မှ ၂၀၂၄ အထိ ငါးနှစ်တာကြာမြင့်မည်ဖြစ်သည်။ စီမံကိန်း၏ ဆောက်လုပ်ရေးလုပ်ငန်းများကို ၂၀၂၀၊ နှစ်လယ်ပိုင်းတွင်Korea Land and Housing Corporation ဘက်က စတင် လုပ်ဆောင်မည်ဖြစ်သည်။ နိုင်ငံတကာအဆင့်မီ KMIC စက်မှုဇုန်ထူထောင်မှုဟာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီး ပေးနိုင်မှာဖြစ်တဲ့အတွက် ရန်ကုန်တိုင်းဒေသကြီးနဲ့ မြန်မာနိုင်ငံရဲ့ စက်မှုကဏ္ဍ၊ နိုင်ငံခြားပို့ကုန်ကဏ္ဍ၊ လူ့စွမ်းအားအရင်းအမြစ် ကဏ္ဍမြှင့်တင်ပေးနိုင်ပြီး လူမှုစီးပွားဖွံ့ဖြိုးရေးအတွက် ကြီးမားသောအထောက်အပံ့တွေဖြစ်စေမယ်ဟု ဆောက်လုပ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်ကဆိုသည်။ စက်မှုဇုန်ပြင်ပ အခြေခံအဆောက်အအုံများဖြစ်သော လမ်း၊ ရေ၊ လျှပ်စစ်တို့အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနသည် ကိုရီးယားအစိုးရထံမှ ရရှိထားသည့် နှစ်နိုင်ငံ စီးပွားရေးဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ချေးငွေသန်း ၆၀ ကို အသုံးပြုမည်ဖြစ်သည်။ အထည်အလိပ်နှင့် အထည်ချုပ်လုပ်ငန်းများ၊ အစားအသောက်နှင့်အဖျော်ယမကာလုပ်ငန်းများ၊ ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းများ၊ ဆောက်လုပ်ရေးနှင့် ဆက်စပ်ပစ္စည်းလုပ်ငန်းများ အဓိကပါဝင်သော စက်မှုဇုန်ကိုဖော်ဆောင်မည်ဖြစ်ပြီး စက်မှုဧရိယာအပြင် စီးပွားရေးဝန်ဆောင်မှုဧရိယာ၊ နည်းပညာဧရိယာနှင့် လူနေထိုင်ရာဧရိယာများ ထည့်သွင်းတည်ဆောက်မည်ဖြစ်သည်။ ကျွန်တော်တို့အနေနဲ့ စီးပွားရေးလုပ်ငန်းတွေကို နိုင်ငံတကာအဆင့်မီ စက်မှုဇုန်ဝန်ဆောင်မှုတွေပေးမှာဖြစ်ပြီး စီးပွားရေး လုပ်ငန်းတွေကလည်း မြန်မာရဲ့စီးပွားရေးဖွံ့ဖြိုးမှုကို အထောက်အပံ့ပေးနိုင်ပါတယ်ဟု မစ္စတာကင်ဂမ်ဝူးကပြောသည်။

ကိုရီးယားနိုင်ငံသည် မြန်မာနိုင်ငံ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ထိပ်တန်းနိုင်ငံများစာရင်းတွင် ဆဋ္ဌမမြောက်နေရာတွင် ရှိနေပြီး အမေရိကန်ဒေါ်လာ ၃ ဒသမ ၉ ဘီလျံ ရင်းနှီးမြှုပ်နှံထားသည်။ ကိုရီးယားစီးပွားရေးလုပ်ငန်းများသည် မြန်မာတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍနှင့် ကုန်ထုတ်လုပ်မှုကဏ္ဍတွင် အဓိကရင်းနှီးမြှုပ်နှံထားသည်။ ကိုရီးယားသမ္မတ၏ မြန်မာနိုင်ငံခရီးစဉ်အတွင်း စက်မှုဇုန်စီမံကိန်းကို ဖော်ဆောင်မည့် Korea Land and Housing Corporation နှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရတို့အကြား ဒလမြို့သစ်စီမံကိန်း အကြိုလေ့လာဆောင်ရွက်ရန်အတွက်လည်း နားလည်မှု စာချွန်လွှာရေးထိုးခဲ့သေးသည်။ ကျွန်တော်တို့အနေနဲ့ ကိုရီးယားမှာ မြို့သစ်တည်ဆောက်ခြင်းနဲ့ပတ်သက်ပြီး မှတ်တမ်း ကောင်းတွေရှိပါတယ်။ ဒလဧရိယာဖွံ့ဖြိုးရေးနဲ့ပတ်သက်ပြီး စတင်စုံစမ်းလေ့လာမှုတွေလုပ်နေပါတယ်။ ဒီဧရိယာဟာ ရန်ကုန်မြို့အနီးမှာရှိသလိုပေါင်းစပ်ပြီး အောင်မြင်တဲ့မြို့ပြဖွံ့ဖြိုးရေး စီမံကိန်းတစ်ခုဖြစ်လာဖို့ အလားအလာကောင်းတွေ ရှိနေပါတယ်ဟု မစ္စတာ ကင်ဂမ်ဝူးကဆိုသည်။ မြန်မာနိုင်ငံ၏ဖွံ့ဖြိုးမှုသည် ကြီးထွားလာလျက်ရှိသလို အာဆီယံ၊ တရုတ်နှင့် အိန္ဒိယနိုင်ငံများအကြား ဗျူဟာကျသော ပင်မအချက်အချာနေရာတွင်ရှိနေခြင်းတို့ကြောင့် ကိုရီးယား-မြန်မာစက်မှုဇုန် အနေဖြင့်လည်း နေရာမှန်တွင်ရှိနေသည်ဟု ယုံကြည်သည်ဟု ၎င်းကပြောသည်။

**Source: The Myanmar Times**

https://www.facebook.com/dootcheck.aleksander/posts/2358747251045218

## ကုက္ကိုသစ်ခွဲသားများ ပြည်ပသို့ တင်ပို့ခွင့်မပြု

ကုက္ကိုသစ်ခွဲသားများ ပြည်ပသို့တင်ပို့ခွင့်မပြုကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနက အသိပေးထုတ်ပြန်ခဲ့သည်။ ဝန်ကြီးဌာနက သစ်ခွဲသားများကို ပြည်ပသို့ တင်ပို့ခွင့်ပြုလျက်ရှိရာတွင် ကုက္ကိုသစ်ခွဲသား အမျိုးအစားကိုမူ ဆက်လက်တင်ပို့ခွင့်ပြုတော့မည်မဟုတ်ပေ။ သဘာဝပတ်ဝန်းကျင်ရှုထောင့်က ထိန်းသိမ်းကာကွယ်ရန် ကုက္ကိုသစ်ခွဲသားများကို ပြည်ပသို့တင်ပို့ခွင့်မပြုခြင်းဖြစ်သည်ဟု ဝန်ကြီးဌာနကထုတ်ပြန်ခဲ့သည်။

မြန်မာနိုင်ငံအနှံ့တွင် စိုက်ပျိုးထားသော သက်တမ်းရင့်ကုက္ကိုပင်ကြီးများသည် ရာသီဥတုပြောင်းလဲမှုနှင့်သဘာဝပတ်ဝန်းကျင်ပျက်စီးယိုယွင်းမှုများကို အကာအကွယ်ပေးလျက်ရှိကာ သဘာဝပတ်ဝန်းကျင်ကို အကျိုးပြုလျက်ရှိသော အပင်ကြီးများဖြစ်သည်။

**Source: The Myanmar Times**

https://www.facebook.com/kope.aung

## ဟိုတယ်နှင့်ခရီးသွားလာရေးကဏ္ဍအတွက် ကျပ်သန်း ၁၀၀၀၀ ကျော် ရင်းနှီးမြှုပ်နှံခွင့်ပြု

ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းကဏ္ဍရှိ ဟိုတယ်နှင့်တည်းခိုရိပ်သာအတွက် မတည်ငွေနှင့် ရင်းနှီးမြှုပ်နှံငွေပမာဏ ကျပ်သန်း ၁၀၀၀၀ ကျော်ကို စက်တင်ဘာ ၂၃ ရက် အစည်းအဝေးတွင်ခွင့်ပြုခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီးဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီထံမှသိရသည်။ ခွင့်ပြုပေးခဲ့သည့် ရင်းနှီးမြှုပ်နှံမှုများတွင် ဟိုတယ်လုပ်ငန်းလိုင်းစင်လေးခု၊ တည်းခိုရိပ်သာလိုင်စင် တစ်ခုအပါအဝင် ဟိုတယ်တည်ဆောက်ခွင့်တစ်ခုနှင့် ခရီးလှည့်လည်ရေးလုပ်ငန်းလိုင်စင် ၃၉ ခုကို ခွင့်ပြုပေးခဲ့ပြီး အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၂၅၀ ကျော်အတွက် ဖန်တီးပေးနိုင်ခဲ့ကြောင်း သတင်းထုတ်ပြန်ထားသည်။

ခရီးသွားလုပ်ငန်းဥပဒေသစ်အရ ရန်ကုန်တိုင်းဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီက ယခုနှစ်မေလမှစ၍ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများကို တိုက်ရိုက်လုပ်ကိုင်ခွင့်ပြုနေခြင်းဖြစ်ပြီး လက်ရှိအချိန်အထိ ဟိုတယ်လိုင်စင် ၃၇ ခု၊ ဟိုတယ်တည်ဆောက်ခွင့် ၁၉ လုံးနှင့် တည်းခိုရိပ်သာလုပ်ငန်းကိုးခုအပါအဝင် ခရီးသွားလုပ်ငန်းအတွက် ဆက်စပ်လိုင်စင်များကိုလည်း ခွင့်ပြုပေးထားကြောင်းသိရသည်။

ရန်ကုန်မြို့အတွင်း ဟိုတယ်နှင့်မိုတယ်အလုံးရေ ၄၃၀ ကျော်ကို လုပ်ကိုင်နေပြီး ယခုနှစ်ဇန်နဝါရီလမှဇူလိုင်လကုန်အထိ ကမ္ဘာလှည့်ခရီးသည် ၇၄၀၀၀၀ ကျော် ဝင်ရောက်ထားပြီး ယခင်နှစ်ကာလတူထက် တစ်သိန်းနီးပါးတိုးတက်လာကြောင်း ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန (ရန်ကုန်)ထံမှသိရသည်။

**Source:The Myanmar Times**

https://www.facebook.com/kope.aung

## ကိုတာစနစ်မရှိသဖြင့် အခွန်ကင်းလွတ်ခွင့်ရ လယ်ယာထွက်ကုန်အချို့ ထိုင်းဘက်သို့တင်ပို့ခွင့်မရ

မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ၅ မျိုးအား အခွန်ကင်းလွတ်ခွင့်ပြုသည့် Form D အကျိုးခံစားခွင့်ကို ထိုင်း-မြန်မာနှစ်နိုင်ငံလက်မှတ်ရေးထိုးထားသော်လည်း Quota ခွဲတမ်းစနစ်မရှိ၍ ထိုင်းကုန်သွယ်ရေးဘက်မှ ခွင့်မပြုသဖြင့် ယနေ့အထိ တင်ပို့ခွင့်မရသေးကြောင်း မြဝတီ နယ်စပ်ကုန်သည်ကြီးများအသင်းဥက္ကဋ္ဌ ဒေါ်သင်းသင်းမြတ်ကပြောသည်။ ဒေါ်သင်းသင်းမြတ်က လယ်ယာထွက်ကုန်နဲ့ ပတ်သက်ပြီး ၅ မျိုးတင်ပို့ဖို့၊ ကြက်သွန်၊ ပြောင်းဖူး၊ မြေပဲ၊ ပဲတီစိမ်း၊ ပြောင်းဆန် ဒီ ၅ မျိုးကို ကိုတာမဟုတ်ဘဲနဲ့ အကျိုးခံစားခွင့်ပြုဖို့တောင်းဆိုတော့ လက်မှတ်ထိုးသွားတယ်။ ဒါပေမယ့် တကယ့်တကယ် မြေပြင်မှာတော့ ထိုင်းကုန်သွယ်ရေးကဏ္ဍက ခွင့်မပြုတဲ့အတွက် ထိုင်းအကောက်ခွန်ကတော့ သူတို့ဆီကိုဝင်ရင် သူတို့ကအခွန်ကောက်တယ်ဟု ရေဝတီသို့ပြောသည်။

အဆိုပါ Form D အကျိုးခံစားခွင့်ကို ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလဆန်း၌ ဒုတိယအကြိမ် မြန်မာ-ထိုင်း နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေးပူးတွဲကော်မတီ (JBTC) အစည်းအဝေးတွင် နှစ်နိုင်ငံလက်မှတ်ရေးထိုးထားခြင်းဖြစ်ကြောင်း၊ အခွန်ကင်းလွတ်ခွင့်နှင့်ပတ်သက်ပြီး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ကြားဝင်ညှိနှိုင်းပေးသော်လည်း လက်ရှိအချိန်ထိ အဆင်မပြေသေးကြောင်း ၎င်းကပြောသည်။ မြန်မာ-ထိုင်း နှစ်နိုင်ငံကုန်သွယ်မှုတွင် "Win to Win ဖြစ်ရမည်" ဟု ညှိနှိုင်းခဲ့ကြသော်လည်း လက်ရှိကုန်သွယ်မှုစနစ်တွင် ထိုင်းဖက်မှ သွင်းကုန်ပမာဏပိုမိုများပြားပြီး မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းများမှာ ၎င်းတို့၏ Quota စနစ်၊ ကြီးမြင့်သည့်အခွန်စနစ်များဖြင့် ထိန်းချုပ်မှုများရှိနေကြောင်းသိရသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်က ဒီ Quota စနစ်မရှိဘဲ

တင်ပို့ခွင့်ကတော့ ပြန်မေးမှရမယ်။ ပြီးခဲ့တဲ့ နှစ်နိုင်ငံအစည်းအဝေးမှာတော့ အကြမ်းဖျင်းအားဖြင့် ကျနော်တို့ဘက်က ပြောင်းဖို့တယ်။ ပြောင်းဆိုရင် ဒီဘဏ္ဍာနှစ်တခုထဲမှာ တန်ချိန် ၆ သိန်းကျော်လောက်ဖြစ်သွားပြီ။ ဩဂုတ်လအထိ နောက်ဆုံးထားတင်ပို့ခဲ့တယ်ဟု ဧရာဝတီသို့ပြောသည်။ ယင်း လယ်ယာထွက်ကုန် ၅ မျိုး အခွန် ကင်းလွတ်ခွင့်ပြုသည့် Form D အကျိုးခံစားခွင့်မှာ အကောက်ခွန်ဦးစီးဌာနနှင့်ဆိုင်သော်လည်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးမှ တောင်းဆို ပေးရခြင်း ဖြစ်သည်။ ကိုတာစနစ်မရှိသဖြင့် လက်ရှိတွင် ပြောင်းကို အခွန်စနစ်ဖြင့်တင်ပို့နေရပြီး ပို့မည့်ကာလကို ၁ လတိုးပေးရန် ထိုင်းကုန်သွယ်ရေးနှင့် ညှိနှိုင်းထားသည်။ ဦးခင်မောင်လွင်က သူတို့က ပြောင်းကို သူတို့နိုင်ငံက လယ်သမားတွေ စိုက်ပျိုးချိန်ဖြစ်တဲ့ ဖေဖော်ဝါရီလကနေ ဩဂုတ်လထိပဲ တင်ပို့ခွင့်ပြုထားတာ။ အခုက စက်တင်ဘာလ တလထပ်ပြီး တင်ပို့ခွင့် ပေးဖို့တော့ ပြောထားတယ်။ လက်ရှိမှာလည်း နည်းနည်းတော့သွားနေတာရှိတယ်ဟု ပြောသည်။ ထိုတင်ပို့နိုင်သည့် ကာလ အတွင်း ဂျိုင်းမြစ်ရေကြီးခြင်းကြောင့် မြဝတီနယ်စပ်ကုန်သွယ်ရေးမှာ ရက် ၂၀ ခန့် ပြတ်တောက်ခဲ့သဖြင့် လက်ရှိတွင် မြန်မာဘက်မှထိုင်းသို့ ပြောင်းတင်ပို့ရန် ကားတစီးလျှင် ပြောင်းတန်ချိန် ၃၀ ကျော်ပါရှိသည့် ကားအစီး ရေ ၁၀၀ ခန့် ကျန်ရှိနေသည်ဟုသိရသည်။

လက်ရှိ မြဝတီနယ်စပ်ကုန်သွယ်ရေးဇုန်တွင်ဖြစ်ပါနေသော မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ၅ မျိုးအား ထိုင်းနိုင်ငံဖက်မှ Quota စနစ်မရှိဘဲ Form D အကျိုးခံစားခွင့်ရရှိနိုင်ရေးနှင့် ထပ်မံ၍လည်း လယ်ယာထွက်ကုန်ပစ္စည်းများကို ယင်းစနစ်နှင့် တိုးမြှင့်တင်ပို့နိုင်ရေး၊ သယ်ယူပို့ဆောင်ရေးနှင့်ပတ်သက်သော မြန်မာကုန်ကားများ ကုန်ပစ္စည်းပါသည်ဖြစ်စေ၊ မပါသည် ဖြစ်စေ ထိုင်းနိုင်ငံအတွင်းသို့ ဝင်ရောက်ခွင့်ရရှိရန်စသည့် အချက်လေးချက်ကို နိုင်ငံတော်ဒုတိယသမ္မတ (၁) ဦးဆောင်သော ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ ပုံမှန်တွေ့ဆုံပွဲ ၂၉ ကြိမ်မြောက် အစည်းအဝေးတွင် တင်ပြ ထားသည်။ ယင်းအပြင် မြန်မာနိုင်ငံမှထွက်ရှိသည့် လယ်ယာကိုင်းကျွန်းထွက်သီးနှံများကို လာအို၊ ဗီယက်နမ် နိုင်ငံများသို့ ထိုင်း နိုင်ငံမှတဆင့် Transit Trade ဖြင့် တိုက်ရိုက်တင်ပို့ရောင်းချနိုင်သော်လည်း မလေးရှားနိုင်ငံသို့တင်ပို့ရာ၌ MOU မရှိထားဟု ဆို၍ Transit Trade ပြုလုပ်မရဘဲ ထိုင်းနိုင်ငံကိုသာ ရောင်းချရသောကြောင့် ၎င်းတို့မှ ဈေးကွက်အသာစီးရနေသဖြင့် မြန်မာအစိုးရအနေနှင့် အစိုးရချင်းညှိနှိုင်းဆောင်ရွက်ပေးရန် ကုန်သည်များကတောင်းဆိုထားသည်။

**Source:** https://burma.irrawaddy.com/business/2019/09/26/204905.html

## တရုတ်နိုင်ငံသို့ ဆန်အုပ်စုအလိုက် ပြောင်းလဲတင်ပို့ရောင်းချရန်စီစဉ်

မြန်မာနိုင်ငံမှ ဆန်အမျိုးအစားများကို လာမည့် ၂၀၂၀ ပြည့်နှစ်တွင် တရုတ်နိုင်ငံသို့ ဆန်အုပ်စုအလိုက် ပြောင်းလဲတင်ပို့ ရောင်းချသွားမည်ဖြစ်ကြောင်း စက်တင်ဘာ ၂၃ ရက်က မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်က ပြောဆို ခဲ့သည်။ တရုတ်နိုင်ငံဘက်က ဆန်အမျိုးအစားနဲ့ ရောင်းချဖို့ အဆိုပြုလာတဲ့အတွက် သူတို့ဘက်ကလိုအပ်တဲ့ ဆန်အုပ်စုလေး၊ ငါးမျိုးကို အမျိုးအစားအလိုက်လာမယ့်နှစ်မှာ တန်ချိန် နှစ်သိန်း၊ နှစ်သိန်းခွဲလောက် တိုးချဲ့ရောင်းချဖို့ ဆောင်ရွက်နေပါတယ်ဟု ဦးရဲမင်းအောင်က ပြောဆိုသည်။ ဆန်အုပ်စုအလိုက်ရောင်းချရာတွင် ဆင်း သုခမျိုး၊ မော်ဘီမျိုး၊ ငစိန်ရာကျော်အုပ်စု၊ ရက် ၉၀ အုပ်စုများ တင်ပို့ရောင်းချသွားမည်ဖြစ်သည်။

လွန်ခဲ့သည့် ဇွန်လက တရုတ်နိုင်ငံမှ COFCO အဖွဲ့အစည်းနှင့် ဆန်တန်ချိန်တစ်သိန်း တရားဝင်တင်ပို့ရန် လက်မှတ်ရေးထိုး ထားပြီး လက်ရှိတွင် ယင်းတန်ချိန်တစ်သိန်းကို ပြည့်မီအောင်တင်ပို့နိုင်ရေး ဆောင်ရွက်လျက်ရှိသည်။ ထို့အတူ လာမည့်နှစ်တွင် တန်ချိန်နှစ်သန်းခွဲခန့်အထိ တရားဝင်လက်မှတ်ရေးထိုး၍ တိုးချဲ့တင်ပို့နိုင်ရန် ဆောင်ရွက်နေကြောင်းသိရသည်။ လက်ရှိ ကတော့ အစိုးရချင်းရောင်းမယ်ဆိုရင် သူတို့လိုချင်တဲ့ စံချိန်စံနှုန်းနဲ့ဝယ်ကြတာ။ သူတို့ဘက်က အခုလိုအရည်အသွေးနဲ့ ဝယ်တာ ကျွန်တော်တို့အတွက်အဆင်ပြေပါတယ်ဟု ဆန်ကုန်သည်တစ်ဦးကသုံးသပ်ပြောဆိုသည်။ တရုတ်နိုင်ငံသို့ ဆန်အုပ်စု အလိုက်ပြောင်းလဲတင်ပို့ရောင်းချပါက ဆန်အရည်အသွေးအပိုင်းကို အမည်တပ်ဝယ်ယူသောကြောင့် ဈေးပိုရရှိနိုင်ကြောင်း သိရသည်။

**Source:** https://myanmar.mmtimes.com/news/128821.html

## ကမ္ဘမြို့နယ်အတွင်း မျှစ်လုပ်ငန်းလုပ်ကိုင်သူများ ကုန်ကြမ်းရှားပါးမှုဖြစ်ပေါ်နေ

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ကမ္ဘမြို့နယ်အတွင်းရှိ မျှစ်လုပ်ငန်း လုပ်ကိုင်ကြသည့် ဒေသခံအလုပ်သမားများ အနေဖြင့် ယခုအခါတွင် ကုန်ကြမ်း ရှားပါးမှုများဖြစ်ပေါ်နေကြောင်း ကမ္ဘမြို့နယ်မျှစ်လုပ်ငန်းလုပ်ကိုင်သူများထံမှ သိရသည်။ ကမ္ဘမြို့နယ်အတွင်း မျှစ်လုပ်ငန်းလုပ်ကိုင်သူများအနေဖြင့် မင်းဘူး၊ ဘရမ်း၊ ကမ်တုတ်၊ ရှမ်းတက်၊ ရွှေချောင်း၊ မင်းတုန်း စသောမြို့နယ်ဘက်များသို့ ဆိုင်ကယ်များဖြင့်သွားရောက်ကာ မျှစ်များချိုးယူ၍ ကမ္ဘမြို့ပေါ်ရှိ မျှစ်အဝယ်ဒိုင်များထံသို့



ရောင်းချလျှက်ရှိကြောင်း ယခုအခါတွင် အဆိုပါဒေသများတွင် မျှစ်ဝါးတောများ နည်းပါးလာသဖြင့် မျှစ်ချိုးယူလုပ်ကိုင်သူများအနေဖြင့် ကုန်ကြမ်းရှားပါးမှု ပြဿနာများဖြစ်ပေါ်နေကြောင်းသိရသည်။ ဒီနှစ်မှာ မိုးခေါင်နေလို့ အခါတိုင်း နှစ်တွေက မျှစ်ချိုးယူ နေကြဖြစ်တဲ့ဒေသတွေမှာက မျှစ်ဝါးတောတွေက အပင်ပေါက်နည်းလာတာရယ် မျှစ်ချိုးယူသူတွေလည်းများလာတာ ရယ်ကြောင့် မျှစ်ကုန်ကြမ်းရှားပါးမှုတွေဖြစ်ပေါ်ရတာပါ အခုချိန်မှာတော့ ဒေသခံမျှစ်ချိုးယူ လုပ်ကိုင်သူတွေအနေနဲ့ မျှစ်ကုန်ကြမ်းရှားပါးလာတဲ့အတွက် ရခိုင်ရိုးမ တောင်တန်းတောတောင်တွေဆီသွားပြီး ချိုးယူလုပ်ကိုင်နေရပါတယ်ဟု ကမ္ဘမြို့မျှစ်ဝယ်ယူရောင်းချသူ ဦးတင်မြင့်မှပြောပြသည်။ကမ္ဘမြို့နယ် ကျေးလက်ဒေသများမှ မျှစ်ချိုးယူရောင်းချသူများ အနေဖြင့် ယခင်နှစ်များက ဆိုင်ကယ်သမားတစ်ဦးလျှင် မျှစ်ချိုးလုပ်ငန်းတစ်ခေါက်သွားပါက အနီးမြို့နယ်ဒေသသို့ သွားရောကလုပ်ကိုင်ရသဖြင့် အနည်းဆုံးအချိန် ပိဿာချိန် ၈၀ ခန့်ရရှိ၍ နေ့လည်ပိုင်းတွင် မိမိနေအိမ်သို့ ပြန်လည်ရောက်ရှိကြောင်း ယခုနှစ်တွင် တစ်ခေါက်သွားလျှင် ခရီးဝေးရခိုင်ရိုးမဒေသထိ သွားရောက်လုပ်ကိုင်ရသဖြင့် တစ်နေကုန်၍ အိမ်ပြန်ရောက်မှ ပိဿာချိန် ၅၀ ခန့်သာအများဆုံးရရှိကြောင်း မျှစ်ချိုးယူလုပ်ကိုင်သူများအနေဖြင့် မိမိတို့မျှစ်ကုန်ကြမ်းများကို အပေါ်ယံ အခွံများခွာ၍ အရှည်တစ်ပေခန့် အများဆုံးထားကာ ကမ္ဘမြို့အဝယ်ဒိုင် များထံတင်သွင်းရောင်းချလျက်ရှိကြောင်း ၎င်းအဝယ်ဒိုင်များမှတစ်ဆင့် ရန်ကုန်ကိုယ်စားလှယ်အဝယ်များထံ တိုက်ရိုက်တင်ပို့ရောင်းချလျက်ရှိကြောင်း ၎င်းမှဆက်လက်ပြောပြ၍သိရသည်။

**Source:** https://www.facebook.com/yadanabonnewspaper/

## လယ်ယာကဏ္ဍထွက်ကုန်ကိုအခြေခံတဲ့ SME စားသောက်ကုန်တွေ ပြည်ပကိုအများဆုံးတင်ပို့ နေရ

အသေးစားနဲ့အလက်စား SMEလုပ်ငန်းတွေရဲ့ ထုတ်ကုန်တွေထဲက လယ်ယာကဏ္ဍက ထွက်ကုန်ကို အခြေခံတဲ့ စားသောက်ကုန်တွေဟာ ပြည်ပနိုင်ငံတွေကို အများဆုံးတင်ပို့နေရတယ်လို့ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၊ အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်အေးအေးဝင်းကပြောပါတယ်။ ဒီလိုပြည်ပတင်ပို့တဲ့ ထုတ်ကုန်တွေထဲမှာ မုန့်ဟင်းခါးလို မြန်မာ့ရိုးရာ အစားအစာကို တန်ဖိုးမြှင့်ထုတ်လုပ်ထားတဲ့ ထုတ်ကုန် တွေလည်း ပါဝင်တယ်လို့ဆိုပါတယ်။ ဒါ့အပြင် ကြိမ်၊ ဂါး၊ လျှော်ဖြူနဲ့ပြုလုပ်ထားတဲ့ ထုတ်ကုန်တွေလည်း ပြည်ပ တင်ပို့မှုရှိနေပါတယ်။

ဒီထုတ်ကုန်တွေကိုတော့ ဂျပန်၊ ကိုရီးယား၊ တရုတ်၊ စင်ကာပူနဲ့ ဥရောပနိုင်ငံအချို့ကို တင်ပို့နေတာဖြစ်ပါတယ်။ ပြည်တွင်း SMEလုပ်ငန်းတွေဟာ နည်းပညာနဲ့ငွေကြေး အရင်းအနှီး လိုအပ်ချက်တွေရှိနေတာကြောင့် ပြည်ပဈေးကွက်ကို ထိုးဖောက်ပြီးဈေးကွက်ရရှိဖို့ကတော့ လုပ်ဆောင်နေရဆဲဖြစ်တယ်လို့ဆိုပါတယ်။ မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာနဲ့ မှတ်ပုံတင်ထားတဲ့ SME လုပ်ငန်းတွေရဲ့ (၅၇)ရာခိုင်နှုန်းဟာ အစားအသောက်နဲ့အဖျော်ယမကာလုပ်ငန်းတွေဖြစ်တယ်လို့ အသေးစားနှင့်အလတ်စားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဌာနက သိရပါတယ်။

**Source:** https://www.facebook.com/5plusnews/

## လက်ရှိဘဏ္ဍာနှစ်အတွင်း ပဲမျိုးစုံတန်ချိန် ၁၂ သိန်းနီးပါးတင်ပို့ ထား

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (အောက်တိုဘာလမှ စက်တင်ဘာလအထိ) ပဲမျိုးစုံတန်ချိန် ၁၁သိန်း၉သောင်းကျော် တင်ပို့ထားပြီး ပဲစင်းငုံတင်ပို့မှုကျဆင်းခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှသိရသည်။ ယခုနှစ်တွင် မြန်မာ့ပဲများကို အိန္ဒိယနိုင်ငံသို့ တရားဝင်တင်ပို့ခွင့်သည် အောက်တိုဘာ ၃၁ ရက် နောက်ဆုံးထား တင်ပို့ရမည်ဖြစ်ခြင်း ကြောင့် ယခုအခါတင်ပို့ခွင့်မှာ ရက်သတ္တပါးပတ်ခန့်သာ ကျန်ရှိတော့သည့်အတွက် ဈေးကွက်အတွင်း၌ အရောင်းအဝယ် ကောင်းလာပြီး ပဲဈေးများပြန်တက်လာကြောင်း မြန်မာနိုင်ငံပဲမျိုးစုံနှင့်နှမ်းကုန်သည်များအသင်း အတွင်းရေးမှူး ဦးမင်းကိုဦး ကပြောသည်။ စက်တင်ဘာ ဒုတိယပတ်ကစပြီးတော့ ပြည်တွင်းဝယ်လိုအားကြောင့် ဈေးတက်လာတယ်။ အောက်တိုဘာ ၃၁ ရက် နောက်ဆုံးထားပြီး အိန္ဒိယနိုင်ငံကို တင်ပို့ရမှာဖြစ်လို့ ကုမ္ပဏီတွေက ပြန်ဝယ်နေကြတာဖြစ်တယ်ဟု ၎င်းကပြော သည်။ လက်ရှိတွင် ပြည်ပသို့ ပဲစင်းငုံတန်ချိန် ၁၅၀၀၀၀ ကျော်တင်ပို့ထားပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တင်ပို့မှုနှင့် နှိုင်းယှဉ်ပါက တန်ချိန် ၇၀၀၀၀ ကျော် လျော့ကျသွားကြောင်းသိရသည်။

အလားတူ မတ်ပဲ တန်ချိန် ၅၈၀၀၀၀ ကျော်တင်ပို့ထားပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်ကာလတူဖြင့် နှိုင်းယှဉ်ပါက တန်ချိန် ၅၄၀၀၀ ကျော် ပိုမိုတင်ပို့ထားနိုင်သည်။ ပဲတီစိမ်းတန်ချိန် ၄၆၀၀၀၀ ကျော်တင်ပို့ထားပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တင်ပို့မှုဖြင့်နှိုင်းယှဉ်ပါက တန်ချိန် ၁၁,၀၀၀ ကျော် ပိုမိုတင်ပို့ထားနိုင်ကြောင်းသိရသည်။ အဆိုပါအနေအထားများကို ကြည့်မည်ဆိုပါက မတ်ပဲနှင့်ပဲတီစိမ်းတို့ကို ပြည်ပဝယ်လက်များခဲ့သော်လည်း ပဲစင်းငုံမှာ ဝယ်လိုအားကျဆင်းခဲ့ပြီး ပြည်ပတင်ပို့မှုမှာလျော့ကျလာကြောင်း ကုန်သည်များကဆိုသည်။

မြန်မာနိုင်ငံအနေဖြင့် အိန္ဒိယ၊ တရုတ်၊ ထိုင်း၊ အင်ဒိုနီးရှား၊ မလေးရှား၊ စင်ကာပူ၊ ပါကစ္စတန်စသည့်နိုင်ငံများအပြင် အမေရိကန်နှင့်ဥရောပနိုင်ငံများသို့ပါ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံနှင့် အခြားပဲမျိုးစုံကို အဓိကထားတင်ပို့လျက်ရှိနေသည်။ ၂၀၁၆-၂၀၁၇ ခုနှစ် စာရင်းများအရ ပြည်ပသို့ မတ်ပဲ၊ ပဲတီစိမ်းနှင့် ပဲစင်းငုံတန်ချိန် ၁၀ သိန်းတင်ပို့မှုမှ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ သန်း ၇၀၀ ကျော်ရရှိခဲ့ကြောင်းသိရသည်။ ပဲမျိုးစုံပြည်ပသို့တင်ပို့မှု၏ ၇၇ဒသမ၀၃ ရာခိုင်နှုန်းကို အိန္ဒိယသို့တင်ပို့သလို ပဲစင်းငုံတင်ပို့မှု၏ ၉၁ဒသမ ၉၈ ရာခိုင်နှုန်းနှင့် ပဲတီစိမ်းတင်ပို့မှု၏ ၈ ရာခိုင်နှုန်းသည်လည်း အိန္ဒိယနိုင်ငံသို့ တင်ပို့ခဲ့ခြင်းဖြစ်သည်။

**Source:** https://www.facebook.com/amiamyanmar/posts/2460373567381458?__tn__=K-R

## STOCK EXCHANGE (26.9.2019)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 26th Sep. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 12,000 | +0 | +0.00% | 12,000 | 12,000 | 12,000 | 4,806 | 57,672,000 | 27,112,747 | 325,353 |
| MTSH | 00002 | 4,300 | +0 | +0.00% | 4,300 | 4,300 | 4,300 | 15,020 | 64,586,000 | 38,929,150 | 167,395 |
| MCB | 00003 | 8,400 | -100 | -1.18% | 8,400 | 8,400 | 8,400 | 231 | 1,940,400 | 10,400,986 | 87,368 |
| FPB | 00004 | 26,500 | +0 | +0.00% | 26,500 | 26,500 | 26,000 | 534 | 13,949,500 | 2,472,053 | 65,509 |
| TMH | 00005 | 3,000 | -50 | -1.64% | 3,050 | 3,050 | 3,000 | 3,251 | 9,913,400 | 12,823,224 | 38,470 |

### Market summary

As of 26th Sep. 2019

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 499.59 | -1.23 | -0.25% | 500.06 | 500.06 | 499.15 | 23,842 | 148,061,300 | 5 | 684,095 |

**Index chart**



# Market Overview

As of 1:00 pm, 26th Sep. 2019

| MYANPIX | 499.59 ▼ 1.23 |
|---|---|
| Total Volume (shares) | 23,842 |
| Total Value (MMK) | 148 mil |
| Listed Company | 5 |
| Market Cap. (MMK) | 684,095 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 12,000 | ▲ 0 |
| MTSH | 00002 | 4,300 | ▲ 0 |
| MCB | 00003 | 8,400 | ▼ 100 |
| FPB | 00004 | 26,500 | ▲ 0 |
| TMH | 00005 | 3,000 | ▼ 50 |

TIR